

# အပြောင်းအလဲကာလများအတွင်းမှ *ကော်*

*By Andrew Paul (နိုင်ငံတကာ ဌာနေတိုင်းရင်းသားအခွင့်အရေးပညာရှင်)*

ကော်သူးလေ (ကရင်ပြည်နယ်) တောင်ပေါ်ဒေသများမှ ကရင်ရွာသူရွာသားများသည် *ကော်* ဟုအမည်ရသော ထုံးတမ်းစဉ်လာ မြေယာအုပ်ချုပ်ရေးစနစ်တစ်ခုကို လိုက်နာကျင့်ကြံဆောင်ရွက်ကြသည်။ ဆယ်စုနှစ်ပေါင်းများစွာ ရှည်ကြာလာခဲ့သည့်ပြည်တွင်းစစ်၊ အတင်းအကျပ်ရွှေ့ပြောင်းနေရာ ချထားမှုနှင့် ဆက်လက်ဖြစ်ပွားနေဆဲ ဗမာစစ်တပ်၏ နယ်မြေကျူးကျော်သိမ်းယူမှုတို့က *ကော်* ကျင့်ကြံဆောင်ရွက်မှုများကို ပြင်းပြင်းထန်ထန်ဟန့်တား နှောင့်ယှက်နေခဲ့ သည်။ ထိုစိန်ခေါ်မှုအခက်အခဲများရှိနေသည့်တိုင် ကရင်ရွာသူရွာသားများသည် *ကော်* ကို အားလုံးပါဝင်နိုင်ခွင့်ရှိသည့် ရပ်ရွာလူမှုအသိုက်အဝန်းအခြေပြု မြေနှင့်သဘာဝသယံဇာတအုပ်ချုပ်မှုပုံစံတစ်ရပ်အဖြစ် ပြန်လည် ရှင်သန်အား ကောင်းလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## စစ်ပွဲ၊ အတင်းအဓမ္မရွှေ့ပြောင်းနေရာချထားမှုနှင့် စစ်တပ်၏ကျူးကျော်သိမ်းပိုက်မှု

> *"အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ရှိနေတယ်ဆိုပေမယ့် ရွာသူရွာသားတွေကိုစုဝေးဖို့ ကျွန်တော်မ လုပ်နိုင်ဘူး။ သူတို့က ကြောက်လန့်နေကြတုန်းပဲ။ ဒီတော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ ယုံကြည် ကိုးကွယ်မှု အရ ရှောင်ရှားလိုက်နာရမည့် ဓလေ့ထုံးတမ်းနဲ့အယူ (Taboo) တွေ ၊ ရိုးရာပွဲအခမ်းအနားတွေကို ကျွန်တော်တို့ ဘယ်လိုပြန်လည်အသက်သွင်းနိုင်မှာလဲဗျာ။"*
>
> စောတာရေခါး (ခနားမူဒါးကျေးရွာ၏ အကြီးအကဲ) ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ

ကော်သူးလေအတွင်း ကုန်းမြင့်နယ်မြေဒေသများသည် ၁၉၅၀ နှစ်ကာလများမှစ၍ စစ်ဘေးဒဏ်ကိုပြင်းပြင်း ထန်ထန်ရင်ဆိုင် ခံစားခဲ့ရပြီး ၁၉၇၀ နှစ် ကာလများမှ ၂၀၀၀ နှစ်လွန်ကာလများအထိ အကောင်အထည်ဖော်ခဲ့သော ဗမာ့တပ်မတော်၏ ဖြတ်လေးဖြတ်မြေလှန်ရှင်းလင်းရေးစစ်ဆင်မှုများက ပိုမိုဆိုးရွားသောဆင်းရဲဒုက္ခများကို ဖြစ်ပေါ် စေခဲ့သည်။ ထိုစစ်ဆင်ရေးလှုပ်ရှားမှုများအတွင်း ဗမာစစ်သားများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ညှဉ်းပန်း နှိပ်စက်မှု၊ အတင်းအဓမ္မစေခိုင်းမှု၊ အရပ်သားပြည်သူများအားသတ်ဖြတ်မှုနှင့် ကျေးရွာများဖျက်ဆီးမှုတို့အပါအဝင် မြောက်မြား လှစွာသောအကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။ ဗမာ့တပ်မတော်သည် ကရင်ပိုင်နက် နယ်မြေတန်တလျား တွင်လည်း စစ်လမ်းမကွန်ယက်များဖြင့် ချိတ်ဆက်ထားသည့် တပ်စခန်းများစွာကို အထိုင်ချဖွဲ့စည်းထားရှိသည်။



*ဗမာ့တပ်မတော်၏တပ်စခန်း၊ ကော်သေဂူ*

၂၀၁၂ ခုနှစ် နှင့် ၂၀၁၅ ခုနှစ် အပစ်အခတ်ရပ်စဲမှုများက ကရင့်နယ်မြေများအတွင်းဖြစ်ပွားသည့် ဗမာ့တပ်မတော်၏ကျူးကျော် သိမ်းပိုက်မှုများကို လျော့နည်းသွားစေခဲ့ခြင်းမရှိပါ။ ၂၀၁၇ ခုနှစ်တွင် မူတြော်ခရိုင်တစ်ခုတည်း အတွင်း၌ပင် ဗမာ့တပ်မတော်၏တပ်စခန်းပေါင်း ၇၈ ခု ထက်မနည်း ရှိနေခဲ့သည်။[1] အဆိုပါစခန်းများအားလုံးက ကရင့်ပိုင်နက်နယ်မြေများအတွင်း၌ တည်ရှိနေသည်ဖြစ်ရာ ကော်သူးလေနယ်မြေအတွင်း *ကော်* အုပ်ချုပ်ရေးစနစ် ပြန်လည်အသက်သွင်းရေး လုပ်ငန်းစဉ်အတွက် အကြီးမားဆုံးသောအဟန့်အတားတစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

အပစ်အခတ်ရပ်စဲထားသည်ဆိုသော်လည်း ကရင်ရွာသူရွာသားအများစုမှာ ဗမာ့တပ်မတော်၏တပ်စခန်းများ သို့မဟုတ် ၎င်းတို့ပိုင်နက်နယ်မြေများကို ဖြတ်သန်းဆက်သွယ်ထားသောလမ်းမများအနီးတွင် နေထိုင်ရန် သို့မဟုတ် စိုက်ပျိုးလုပ်ကိုင်ရန် မဝံ့ရဲကြပေ။ တပ်မတော်၏ရက်စက်ကြမ်းကြုတ်မှုများကို ရင်ဆိုင်ခံစားခဲ့ရသည့် အတိတ်ကာလမှအတွေ့အကြုံများကြောင့် ဗမာစစ်သားများအပေါ်ကြောက်ရွံ့မှုများက ကရင်ရွာသူရွာသားများကြားတွင် စွဲစွဲ မြဲမြဲ အမြစ်တွယ်နေခဲ့သည်။ မကြာသေးမီကကာလများအတွင်းဖြစ်ပွားခဲ့သည့် အရပ်သားပြည်သူများအား သတ် ဖြတ်မှု အပါအဝင် ဗမာတပ်မတော်၏အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချိုးဖောက်မှုများက ရွာသူရွာသားတို့၏မလုံခြုံသောစိတ်ခံစားချက်များကို ပိုမိုမြင့်တက်စေခဲ့သည်။ စိုက်ပျိုးမွေးမြူရေးခြံများ၊ ကျေးရွာများနှင့် အထွတ်အမြတ်ထားရာနေရာများစွာတို့တွင် လူသူဆိတ်သုဉ်းသွားခဲ့ပြီဖြစ်သည်။ ရပ်ရွာလူမှုအသိုက်အဝန်းအချို့မှာလည်း ၎င်းတို့၏ဘိုးဘွားပိုင်နက်နယ်မြေများမှ အတင်းအကျပ်ရွှေ့ပြောင်းဖယ်ရှားခံရသည်မှာ နှစ်ပေါင်း ၄၀ ကျော်ကြာခဲ့ပြီ ဖြစ်သည်။

စစ်ပွဲနှင့်အတင်းအကျပ်ရွှေ့ပြောင်းနေရာချထားခြင်းတို့က ရွာသူရွာသားများကို *ကော်* ကြီးကြပ်လမ်းညွှန်မှု ဓလေ့ထုံးတမ်းများအား ကျင့်ကြံဆောင်ရွက်နိုင်ခြင်းမရှိအောင် ကန့်သတ်ပိတ်ပင်ထားသည်။ *ကော်* ရိုးရာပွဲအခမ်းအနားများစွာတို့ကို ၎င်းတို့၏သက်ဆိုင်ရာဘိုးဘွားပိုင်နယ်မြေများတွင်သာ ကျင့်ကြံဆောင်ရွက်နိုင်သည်။ အထွတ်အမြတ်ထားရာနေရာများစွာတွင် သို့မဟုတ် အနီးတွင် စစ်တပ်တည်ရှိနေခြင်းကြောင့် အဆိုပါယဉ်ကျေးမှု ဓလေ့ထုံးတမ်းများမှာ ပျောက်ကွယ်သွားတော့မည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ *ကော်* တစ်ခုချင်းစီ၏ ရိုးရာပွဲအခမ်းအနားနှင့် နိုင်ငံရေးဆိုင်ရာဗဟိုဌာနအဖြစ် အစဉ်အဆက်ဖြစ်တည်လာခဲ့သော ဘလော စနစ်များမှာလည်း ဖြိုခွဲဖျက်ဆီးခြင်း ခံခဲ့ရသည်။ ကာလရှည်ရွှေ့ပြောင်းနေရာချထားခြင်းဖြင့် ပြည်သူများကို ၎င်းတို့၏ဇာတိကျေးရွာများမှ နေရာအနှံ့ ဖြန့်ကြက်ရောက်ရှိစေခဲ့သည်ဖြစ်ရာ *ကော်* စနစ်၏လူမှုရေးဆိုင်ရာတည်ဆောက်နေမှုများမှာလည်း ယိုယွင်းပျက်စီးသွားခဲ့ရသည်။ စစ်သားများအပါအဝင် ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် သစ်တောနှင့် ရှားပါးမျိုးစိတ်များအား အစဉ်အဆက်ကာကွယ်စောင့်ရှောက်လာခဲ့သည့် ရှောင်ဓလေ့များကို ချိုးဖောက်နိုင်ခြေ ပိုမိုများပြားသည်။

1 KPSN [Karen Peace Support Network]. 2018. "The Nightmare Returns: Karen Hopes for Peace and Stability Dashed by Burma Army's Actions." http://kesan.asia/wp-content/uploads/2018/04/The-Nightmare-Returns-English-version.pdf

ကရင်ရွာသူရွာသားများသည် ငြိမ်းချမ်းရေးကိုလိုလားတောင့်တပြီး စစ်တပ်၏ကျူးကျော်သိမ်းပိုက်မှုများ အဆုံးသတ်သွားရန် မျှော်လင့်လျက်ရှိသည်။ သို့မှသာ ၎င်းတို့၏ကျေးရွာများသို့ပြန်လည်ဝင်ရောက်နေထိုင်ကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်မည်၊ ရိုးရာပွဲအခမ်းအနား စီမံအုပ်ချုပ်ရေးစနစ်များ ပြန်လည်တည်ဆောက်ပြီးယုံကြည်ကိုးကွယ်မှုအရအထွက်အမြတ်ထားကာကွယ်ထိန်းသိမ်းခဲ့သည့် တောအုပ်များကို ပြန်လည်ထူထောင်နိုင်မည်ဖြစ်သည်။ စစ်အင်အားရုပ်သိမ်းထွက်ခွာခြင်း (demilitarization) ကြောင့် ရွာသူရွာသားများအနေဖြင့် *ကော်* ကို ရှင်သန်လည်ပတ်ကာ တိုးတက်ပြောင်းလဲနေသည့် ရပ်ရွာလူမှုအသိုက်အဝန်းအခြေပြု သဘာဝ သယံဇာတ အုပ်ချုပ်ရေးစနစ်တစ်ရပ်အဖြစ် ပြန်လည်ထူထောင်နိုင်မည်ဖြစ်သည်။

## *ကော်* နှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာအပြောင်းအလဲ

*"မိရိုးဖလာနတ်ကိုးကွယ်ယုံကြည်သူတွေ (animists) သတ်မှတ်လိုက်တဲ့ သစ်တောမြေဧရိယာတစ်ခုအတွက် စည်း မျဉ်းစည်းကမ်းတွေကို ကျွန်တော်တို့ ကောင်းကောင်းနားလည်ပါတယ် . . . ခရစ်ယာန်ဘာသာဝင်တွေလည်း ငါးကာကွယ်ထိန်းသိမ်းရေးဧရိယာတွေ သတ်မှတ်ထားကြတယ်။ ငါးတွေကိုကာကွယ်စောင့်ရှောက်နိုင်ဖို့၊ တခြားသူတွေအနေနဲ့ အဲ့ဒီနယ်မြေဧရိယာတွေမှာ ငါးမဖမ်းဖို့ပေါ့ဗျာ။ ကျွန်တော်အားလုံးစုဝေးပြီး ကြက်သားဟင်း၊ ဝက်သားဟင်းတွေချက်ပြုတ်ကြတယ်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီးနဲ့ရေကို ရွာကနေယူလာပြီး အဲ့ဒီနေရာမှာချက်ပြုတ်ကြတယ်။ ပြီးရင်တော့ ငါးကာကွယ်ထိန်းသိမ်းရေးဧရိယာကို အကာအကွယ်ပေးပါစေကြောင်း ဝတ်ပြုဆုတောင်းပွဲကျင်းပတာပေါ့။"*

ထူးစေးဝါး (လယ်မူခေါ်ထီ ကျေးရွာမှ ခရစ်ယာန်ဘာသာဝင်နှင့် ကျေးရွာပိုင်ဘုံသစ်တောခေါင်းဆောင်တစ်ဦး)

ရှေးယခင်က *ကော်* ရပ်ရွာလူမှုအသိုက်အဝန်းများမှာ အဓိကအားဖြင့် နတ်ကိုးကွယ်ယုံကြည်သူများ (animists) ဖြစ်သည်။ ခြွင်းချက်တစ်ဦးတစ်ယောက်မှ လွဲ၍ လူတိုင်းလူတိုင်းသည် ရိုးရာဓလေ့အခမ်းအနားများတွင် ပူးပေါင်းပါဝင်ကြပြီး ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှုအရ ရှောင်ရှားလိုက်နာရမည့် ဓလေ့ထုံးတမ်းနှင့်အယူ (Taboo) များကို လေးစားလိုက်နာကြသည်။

ဘာသာကူးပြောင်းခြင်း (အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်အဖြစ်သို့ ကူးပြောင်းခြင်း) က အဆိုပါကျင့်ကြံဆောင် ရွက်မှုပုံစံများကို ပြောင်းလဲစေခဲ့သည်။ ကိစ္စရပ်အများစုတွင် စစ်ပွဲနှင့်အတင်းအဓမ္မရွှေ့ပြောင်းနေရာချထားမှုများကြောင့် နတ်ကိုးကွယ်ယုံကြည်သူများအနေဖြင့် နေရာဌာနအခြေပြု ယဉ်ကျေးမှုဆိုင်ရာ အကျင့်အကြံများနှင့် ကျင့်ထုံးစည်းမျဉ်းများကို ဆက်လက်ထိန်းသိမ်းရန် အလွန်ခက်ခဲလာခဲ့သဖြင့် သို့မဟုတ် မစွမ်းဆောင်နိုင်တော့သဖြင့် ဘာသာကူးပြောင်းခဲ့ရကြခြင်းဖြစ်သည်။ ယနေ့ချိန်ခါတွင် ရွာသူရွာသားများသည် *ကော်* ၏ ရေ၊ မြေ၊ သစ်တောနှင့် သဘာဝသယံဇာတများအား အစဉ်အဆက်ကာကွယ်မှုပေးလာခဲ့သည့် ရိုးရာပွဲအခမ်းအနားများ၊ ယဉ်ကျေးမှု နှင့် ယုံကြည်ကိုးကွယ်မှုအရ ရှောင်ရှားလိုက်နာရမည့် ဓလေ့ထုံးတမ်းနှင့်အယူ (Taboo) များကို လိုက်နာကျင့်ကြံ ဆောင်ရွက်ရန်အတွက် စည်းလုံးမှုအားနည်းလာခဲ့ကြောင်း *ကော်* များ၏အကြီးအကဲများက သတိပြုမိနေခဲ့သည်။

သို့သော် ကရင်ခရစ်ယာန်ဘာသာဝင်များစွာတို့သည် ရိုးရာပွဲအခမ်းအနားများနှင့် *ကော်* အတွင်းရှိ ထုံးတမ်းစဉ်လာအရအကာအကွယ်ပြုထားသောနေရာများကို ဆက်လက်တန်ဖိုးထားလေးစားနေဆဲဖြစ်သည်။ သူတို့က *ကော်* ကို ကရင်လူမျိုးအားလုံးပိုင်ဆိုင်သောယဉ်ကျေးမှုအမွေအနှစ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှုမြင်ကြသည့်အပြင် ရေဝေရေလဲနယ်မြေဧရိယာများ၊ သစ်တောများနှင့် ဇီဝမျိုးကွဲမျိုးစုံတို့ကို ကာကွယ်ထိန်းသိမ်းရာတွင် မိရိုးဖလာနတ်ကိုးကွယ်ယုံကြည်သူဘာသာဝင်တို့၏ ခေါင်းဆောင်မှုနှင့်အသိပညာဗဟုသုတများ၏ အလွန်အရေးပါမှုကိုလည်း အလေးထားဂရုပြုကြသည်။ ခရစ်ယာန်ဘာသာဝင်များစွာတို့သည်လည်း ဘုရားသခင်၏ဖန်ဆင်းမှုများကို ကြည့်ရှုစောင့်ရှောက်ရန်ဟူသော ၎င်းတို့၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကိုလည်း ကောင်းစွာနားလည် သဘော ပေါက်ကြသည်။

ယနေ့ချိန်ခါ၌ *ကော်* ရပ်ရွာလူမှုအသိုက်အဝန်းများစွာတို့တွင် နတ်ကိုးကွယ်ယုံကြည်သူ၊ ခရစ်ယာန်ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင် အိမ်ထောင်စုများ ပါဝင်နေသည်။ ရွာသူရွာသားများသည် ရိုးရာပွဲအခမ်းအနားများကို ပူးတွဲကျင်းပလေ့ရှိပြီး အုပ်စုတစ်စုချင်းက ၎င်းတို့၏ဓလေ့ထုံးတမ်းများနှင့်အညီ လိုက်နာကျင့်ကြံ ဆောင်ရွက်ကြသည်။ ဥပမာ ငါးကာ

ကွယ်ထိန်းသိမ်းရေးနယ်မြေတစ်ခုကို သတ်မှတ်ဖွင့်လှစ်သောအခါ၌ နတ်ကိုးကွယ်ယုံကြည်သူများက ရိုးရာအစဉ်အလာရိုးရာအရက်များဖြင့် ဆုတောင်းပူဇော်ပသမှုများကို ကျင်းပပြီး ခရစ်ယာန်ဘာသာဝင်များက အနီးအနားမှာပင်ဝတ်ပြု ဆုတောင်းပွဲကျင်းပသည်။ စိုက်ပျိုးရာသီအတွင်း ခရစ်ယာန်ဘာသာဝင်အချို့ကလည်း ဝတ်ပြုဆုတောင်းအခမ်းအနားများကျင်းပသည်ဖြစ်ရာ ထိုဓလေ့ထုံးတမ်းများကို အိမ်နီးချင်းနတ်ကိုးကွယ်ယုံကြည်သူများ၏ ရိုးရာဓလေ့များနှင့် သဟဇာတဖြစ်စေမည့်ပုံစံတစ်ခုဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြသည်။


ဘာဖောဘာသာဝင်၏နတ်စင်၊ ဖယ်လယ်ဒဲကျေးရွာ

*ကော်* အချို့တွင် အိမ်ထောင်စုအားလုံးလိုလိုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ ရိုးရာပူဇော်ပွဲအခမ်းအနားဆိုင်ရာ အကြီးအကဲများလည်းမရှိတော့ပဲ ထုံးတမ်းစဉ်လာကျင့်ဝတ်စည်းမျဉ်းများနှင့် ရိုးရာပူဇော်ပွဲအခမ်းအနားများလည်း လုံးဝပျောက်ကွယ်သွားခဲ့ပြီးဖြစ်သည်။ သို့သော် အဆိုပါ *ကော်* များတွင်ပင် ရွာသူရွာသားများသည် ရပ်ရွာလူမှုအသိုက်အဝန်းအခြေပြု သဘာဝပတ်ဝန်းကျင်အုပ်ချုပ်ရေးအကျင့်အကြံများကို ပြန်လည်အသက်သွင်းကာ လိုက်နာကျင့်ကြံဆောင်ရွက်လျက်ရှိသည်။ ဥပမာ သူတို့သည် ငါးကာကွယ်ထိန်းသိမ်းရေးနယ်မြေတစ်ခုကို သတ်မှတ်ဖွင့်လှစ်သောအခါ ခရစ်ယာန်ဝတ်ပြုဆုတောင်းပွဲကျင်းပရင်း တစ်ဘက်တွင် မိရိုးဖလာကိုးကွယ်ယုံကြည်မှုအရ ဒေးပေါလော သို့မဟုတ် ချက်ကြိုးချည်နှောင်ရာတောအုပ် ကဲ့သို့သောကာ ကွယ်ထားသည့် အထွတ်အမြတ်ထားရာနေရာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။


ခရစ်ယာန်ဘာသာဝင်တို့၏ ငါးကာကွယ်ထိန်းသိမ်းခြင်းနယ်မြေ သတ်မှတ်ဖွင့်လှစ်ခြင်း အခမ်းအနား၊ ကော်သေဂူ

အချို့ *ကော်* များတွင် ဗုဒ္ဓဘာသာဝင်များက ပိုမိုလွှမ်းမိုးထားပြီး ကရင်ကုန်းမြင့်များတွင် နတ်ကိုးကွယ်ယုံကြည်မှု၏ အစိတ်အပိုင်းလက္ခဏာများကို ဘာဖော (ပန်းနတ်ဘုရားဝတ်ပြုရှိခိုးမှု [flower worship]) ဟူသောရိုးရာဓလေ့တစ်ခုအတွင်း ပေါင်းစပ်ထည့်သွင်းလေ့ရှိသည်။ နတ်ကိုးကွယ်ယုံကြည်သူများ၏ *ကော်* မှာကဲ့သို့ပင် မျိုးရိုးစဉ်ဆက်ဆင်းသက်မှုအရ အကြီးအကဲနေရာကို အမွေဆက်ခံသည့် ခေါင်းဆောင်များက ရိုးရာပူဇော်ပွဲအခမ်းအနားများနှင့် ဓလေ့ထုံးတမ်းလိုက်နာကျင့်ကြံဆောင်ရွက်မှုများကို သဟမျှတစွာပေါင်းစပ်ပေးသည်။ သို့သော် အချို့ကိစ္စရပ်များ၌

ဘာဖောဘာသာကိုးကွယ်သူမိသားစုများ၏ နေအိမ်များအတွင်းတွင် ရိုးရာပူဇော်ဆုတောင်းခြင်းများကို ပန်းများဖြင့် အလှဆင်ပူဇော်ထားပြီး ဗုဒ္ဓရုပ်ပွားတော်များပါရှိသော ဘုရားစင် များပေါ်တွင်ပင် ပွဲထိုးနိုင်သည်။

ကိုးကွယ်ယုံကြည်မှုဆိုင်ရာအပြောင်းအလဲက ထုံးတမ်းစဉ်လာ *ကော်* အုပ်ချုပ်မှုစနစ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာခဲ့သည့်တိုင် ကော် ပြန်လည်အသက်သွင်းရေးလှုပ်ရှားဆောင်ရွက်မှုတွင် ခရစ်ယာန်ဘာသာဝင်များ၊ ဗုဒ္ဓဘာ သာဝင်များနှင့် နတ်ကိုးကွယ်ယုံကြည်သူများ ပါဝင်ကြသည်။ အုပ်စုတစ်စုချင်း၏ အကြီးအကဲများက အတူတကွ ပူးပေါင်းကာ ထုံးတမ်းစဉ်လာစည်းမျဉ်းစည်းကမ်းများကို တရားဝင်ချမှတ်နိုင်အောင် ဆောင်ရွက်ကြသည်။ *ကော်* တွင် မှီတင်းနေထိုင်သူများအားလုံး (မည်သည့်ဘာသာကိုကိုးကွယ်ယုံကြည်သူပင်ဖြစ်စေ) အနေဖြင့် ၎င်းတို့၏ရပ် ရွာပိုင်မြေများနှင့် သဘာဝသယံဇာတများကို အနာဂတ် ကာလထိတိုင် ရေရှည်တည်တံ့စေသောပုံစံဖြင့် ဆက်လက်စီမံခန့်ခွဲသွားနိုင်ရေးအတွက်ဖြစ်သည်။ အချို့သော ရပ်ရွာလူမှုအသိုက်အဝန်းများတွင် ရိုးရာအစဉ်အလာ *ကော်* ကျင့်ထုံးစည်းမျဉ်းများ၊ ယဉ်ကျေးမှု နှင့် ယုံကြည်ကိုးကွယ်မှုအရ ရှောင်ရှားလိုက်နာရမည့် ဓလေ့ထုံးတမ်း နှင့်အယူ (Taboo) များကို ကလေးသူငယ်များနှင့်လူငယ်များအား သင်ကြားပေးသည်။

## ကော် အုပ်ချုပ်ရေးစနစ်ပြန်လည်တည်ဆောက်ခြင်း

*"ကျွန်တော်တို့အိမ်တွေ၊ ရေဝေရေလဲဧရိယာတွေ၊ စိုက်ပျိုးမွေးမြူရေးနယ်မြေတွေ၊ အကုန်လုံးကို ပြန်ထူထောင်ချင်တယ် . . . ဘိုးဘေးသက်ကြီးဝါကြီးတွေက ဒီနေရာတွေကို ကာလကြာရှည်စောင့်ရှောက်လာခဲ့ကြတာ။ သူတို့ အမြဲလုပ်ခဲ့သလို ကျွန်တော်တို့လည်း ဒီနေရာတွေကို ဆက်ပြီးထိန်းသိမ်းစောင့်ရှောက်သွားချင်တယ်ဗျာ။ ကျွန် တော်တို့ရဲ့သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ချင်တယ် . . . သစ်တောတွေ၊ စမ်းချောင်းတွေထဲက သက်ရှိသတ္တဝါတွေနဲ့အတူ ကျွန်တော်တို့ရော သဘာဝပတ်ဝန်းကျင်ပါ ဆက်ပြီးရှင်သန်ရပ်တည်နိုင်ဖို့ပေါ့။ အရာ အားလုံးကို ပြန်ထူထောင်ဖို့၊ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်တယ်ဗျ။"*

စောဝါးဘလက်မူး နှင့် ဖါးညာ (လူသူစွန့်ခွာသွားခဲ့သော ဘလောခိုကျေးရွာမှ ရွာသူရွာသားနှစ်ဦး)၊
၂၀၁၆ ခုနှစ် နိုဝင်ဘာလ (၂၁) ရက်



*ကော်* ပြန်လည်အသက်သွင်းခြင်း၊ အနာဂတ်မျှော်မှန်းချက်များနှင့်ပတ်သက်၍ ရွာသူရွာသားများ ပြောဆိုဆွေးနွေးနေကြစဉ်

စစ်တပ်၏ကျူးကျော်သိမ်းပိုက်မှုများဆက်လက်ဖြစ်ပွားနေခဲ့ခြင်းကြောင့် *ကော်* ရပ်ရွာလူမှုအသိုက်အဝန်းများအဖို့ ၎င်းတို့၏ထုံးတမ်းဓလေ့များကို ရှေးယခင် မှာကဲ့သို့ အပြည့်အဝကျင့်ကြံဆောင်ရွက်ရန် မဖြစ်နိုင်သော်လည်း ရွာသူရွာသားများသည် ရေ၊ မြေ၊ သစ်တောများကို အကာအကွယ်ပေးနိုင်မည့် အုပ်ချုပ်ရေးစနစ်ဖွဲ့စည်းတည်ဆောက်မှု ပုံစံများနှင့် ကျင့်ထုံးစည်းမျဉ်းများကို စတင်ပြန်လည်ရေးဆွဲချမှတ်နေခဲ့ကြသည်။ ဗမာ့တပ်မတော်နှင့်အလှမ်းဝေးကွာသော နယ်မြေဧရိယာများတွင် ၎င်းတို့သည် ဘိုးဘွားပိုင်ကျေးရွာများကို သတိကြီးစွာထားကာ စတင်ပြန်လည် တည်ထောင်ခဲ့ကြသည်။ ၎င်းတို့သည် စစ်တပ်၏နယ်မြေကျူးကျော်သိမ်းပိုက်မှုများ အဆုံးသတ်သွားရန် မျှော်လင့် တောင့်တနေကြသည်။ သို့မှသာ ၎င်းတို့အနေဖြင့် *ကော်* အုပ်ချုပ်ရေးစနစ်၏အဓိကအစိတ်အပိုင်းလည်းဖြစ်သည့် ဘလောဓ၏ဖွဲ့စည်းတည်ဆောက်မှုကို ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ကာ ရိုးရာပူဇော်ပသခြင်းအစီအစဉ်များကို တဖန်ပြန်လည်ကျင်းပပြုလုပ်နိုင်မည်ဖြစ်သည်။ ဆယ်စုနှစ်များစွာရှည်ကြာလာခဲ့သောစစ်ပွဲများကြားမှာပင် ၎င်းတို့၏ မြေများပေါ်တွင်သာ ဆက်လက်နေထိုင်လိုသော ကရင်လူမျိုးများ၏ ပြင်းပြသောစိတ်ဓာတ်၊ ၎င်းတို့၏ကျေးရွာများကို ပြန်လည်တည်ဆောက်ကာ ရိုးရာပွဲအခမ်းအနားများကျင်းပပြုလုပ်ရန်ဟူသည့် ၎င်းတို့၏ခိုင်မာသောဆုံးဖြတ် ချက်တို့က *ကော်* အတွင်းမှီတင်းနေထိုင်သူများနှင့် ၎င်းတို့နေထိုင်ရာ မြေယာဒေသများအကြား မြင့်မြတ်သော ဆက်နွယ်မှုနှောင်ကြိုးကို သက်သေပြထင်ဟပ်စေလျှက်ရှိသည်။

ယခုလို လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာအပြောင်းအလဲကာလအခါသမယတွင် *ကော်* ရပ်ရွာလူမှုအသိုက်အဝန်းများသည် ရေရှည်တည်တံ့ခိုင်မြဲသော *ကော်* အုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ထွန်းစေရေးအတွက် တရားဝင် *ကော်* ကော်မတီများဖွဲ့စည်းကာ ရိုးရာအစဉ်အလာကျင့်ထုံးစည်းမျဉ်းများကို ကျင့်ထုံးဥပဒေအဖြစ် ရေးဆွဲချ မှတ်လျက်ရှိသည်။ ရွာသူရွာသားများက ကျေးရွာပိုင်သစ်တောများနှင့် ငါးကာကွယ်ထိန်းသိမ်းရေးနယ်မြေများကို ထူထောင်ခဲ့ကြသည်။ *ကော်* များစွာတို့သည် ၎င်းတို့၏ ဘဝပုံစံများနှင့်ကိုက်ညီသည့်အပြင် ၎င်းတို့၏ရေမြေများအတွက် ကျေပွန်ရမည့် မြင့်မြတ်သောတာဝန်ဝတ္တရားများတို့နှင့်လည်းကိုက်ညီသည့် သဘာဝရေမြေတောတောင်စီမံချက်များနှင့် ရပ်ရွာလူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်များကို စတင်ရေးဆွဲချမှတ်နေခဲ့ပြီဖြစ်သည်။ *ကော်* များသည် ၎င်းတို့၏နယ်မြေများကိုလည်း GPS နည်းပညာဖြင့် မြေပုံရေးဆွဲလျက်ရှိပေသည်။




*ကော် ပြန်လည်အသက်သွင်းခြင်း၊ ကော်သေဂူအတွင်းရှိ အထွတ်အမြတ်နေရာများကို မြေပုံရေးဆွဲသတ်မှတ်ခြင်း*

ကရင်အမျိုးသားအစည်းအရုံး (KNU) ကော်သူးလေ လယ်ယာမြေဗဟိုကော်မတီသည် *ကော်* ကိုထုံးတမ်းစဉ်လာ ရပ်ရွာပိုင်မြေများအဖြစ် တရားဝင်မှတ်ပုံတင်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်အား များမကြာသေးမီက စတင်ရေးဆွဲချမှတ်ခဲ့သည်။ ပိုင်နက်နယ်မြေ၏နယ်နိမိတ်များ၊ သမိုင်းကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာအကျင့်အကြံများ၊ အုပ်ချုပ်ရေးစနစ်ဖွဲ့စည်းတည်ဆောက်မှုပုံစံများ၊ မြေယာအသုံးပြုမှုများနှင့် ရိုးရာအစဉ်အလာကျင့်ထုံးစည်းမျဉ်းများကို မှတ်တမ်းတင်ရေးသားပြုစုထားသည့် *ကော်* တစ်ခုချင်းစီသည် KNU *ကော်* အသိအမှတ်ပြုလက်မှတ်တစ်ခု လျှောက် ထားနိုင်မည်ဖြစ်သည်။ ထို့အတွက် *ကော်* များစွာတို့က လျှောက်လွှာများပေးပို့တင်ပြခဲ့ကြသည်။ ကော်သူးလေ လယ် ယာမြေဗဟိုကော်မတီအနေဖြင့် များမကြာမီကာလအတွင်းမှာပင် ပထမဆုံးသော *ကော်* အသိအမှတ်ပြု လက်မှတ်များ (the Kaw Certificates) ထုတ်ပေးသွားနိုင်မည်ဟု မျှော်လင့်ရသည်။

နောက်ဆုံးအနေနှင့်ဆိုရလျှင် *ကော်* ဓလေ့ထုံးတမ်းများသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာအုပ်ချုပ်မှုအတွက် အခြေခံအကျဆုံးအစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် စစ်မှန်သောငြိမ်းချမ်းရေးတည်ဆောက်ရန်၊ မြေယာများကာကွယ်ထိန်းသိမ်းရန်၊ ကရင်လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုမြှင့်တင်ရန်နှင့် (ရေရှည်တည်မြဲမှုမရှိသော သဘာဝသယံဇာတထုတ်လုပ်ခြင်းမဟုတ်သည့်) ရပ်ရွာလူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီထောက်ပံ့ရန် ဦးတည်သော KNU မူတြော်ခရိုင်အတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ကာကွယ်ထိန်းသိမ်းရေးအစီအစဉ် (indigenous conservation initiative) တစ်ရပ် ဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးအခြေခံဥပဒေသည်လည်း *ကော်* တစ်ခုချင်းစီကို ကိုယ်ပိုင် ဓလေ့ထုံးတမ်းဥပဒေများ ရေးဆွဲချမှတ်ရန် တိုက်တွန်းအားပေးသည်။ ငြိမ်းချမ်းရေးဥယျာဉ်အစီအစဉ်နှင့်အတူ *ကော်* နယ်နိမိတ်များအား မြေပုံရေးဆွဲသတ်မှတ်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း မြေပုံရေးဆွဲသတ်မှတ်ခဲ့သည့် *ကော်* နယ်မြေ ၂၉ ခု သာရှိပြီး ၂၀၂၀ ခုနှစ်တွင် မြေပုံရေးဆွဲသတ်မှတ်ခဲ့သည့် *ကော်* အရေအတွက် ၂၂၆ ခု အထိမြင့်တက်လာခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်ကို ဆက်လက် အကောင်အထည်ဖော်နေဆဲဖြစ်သည်။

## *ကော်* နှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

မြန်မာနိုင်ငံအတွင်း ကရင်လူမျိုးတို့၏ အစဉ်အလာပိုင်နက်နယ်မြေ *ကော်* အုပ်ချုပ်ရေးသည် အလွန်အရေးပါသော လမ်းဆုံလမ်းခွတစ်ခုတွင် ရောက်ရှိနေသည်။ ဆယ်စုနှစ်ပေါင်းများစွာရှည်ကြာလာခဲ့သည့်စစ်ပွဲနှင့် အတင်းအကျပ်ရွှေ့ပြောင်းနေရာချထားမှုတို့က ပြင်းထန်သောဆိုးကျိုးသက်ရောက်မှုတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ပြီး ဗမာ့တပ်မတော်၏ တပ်စခန်းများကလည်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ် ရယူထားပြီးဖြစ်သည့်တိုင် *ကော်* ပိုင်နက် နယ်မြေများတွင် ဆက်လက်တပ်စွဲထားခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကြောင့် ပူးတွဲအုပ်ချုပ်ရေး ဒေသများ (mixed administration zones) အတွင်း၌ KNU က အုပ်ချုပ်ရေလုပ်ငန်းများကို ပိုမိုလွတ်လပ်စွာ လုပ်ကိုင်လာနိုင်သော်လည်း ဗမာအစိုးရကမူ ထိုထက်ကျော်လွန်ကာ ၎င်းတို့၏ အုပ်ချုပ်ရေးယန္တရားများကို KNU ၏နယ်မြေများထဲအထိ ချဲ့ကားချမှတ်လာခဲ့ကြသည်။[2]

အပစ်အခတ်ရပ်စဲထားပြီး နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်နေစဉ်ကာလအတွင်း KNU အုပ်ချုပ်မှုအောက်မှ နယ်မြေများအတွင်းရှိ ရွာသူရွာသားများ၏မြေယာများကို အကာအကွယ်ပေးနိုင်ရန်အတွက် ယာယီသဘောတူညီချက်များ (interim arrangements) ချမှတ်နိုင်ရန်လိုအပ်သည်။[3] သို့သော် အစိုးရက ပူးတွဲအုပ်ချုပ်ရေးနယ်မြေများအတွင်း KNU ၏ လယ်ယာမြေမှတ်ပုံတင်ရေးအားထုတ်ကြိုးပမ်းမှုများကို ဟန့်တားပိတ်ပင်ခဲ့ပြီး “အစိုးရကသာ လယ်ယာ မြေမူဝါဒနှင့်လုပ်ထုံးလုပ်နည်းတစ်ရပ်ချမှတ်ပိုင်ခွင့်ရှိသည်”[4] ဟု အခိုင်အမာဆိုခဲ့၏။ ထိုကာလအတွင်း၌ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေးဥပဒေသည် ဗဟိုအစိုးရ၏ထိန်းချုပ်မှုအောက်ရှိနယ်မြေအားလုံးတွင် ထုံးတမ်းစဉ်လာပိုင်ဆိုင်လာခဲ့သည့်မြေများ (customary land) ကို အလုံးစုံဖယ်ရှားရန် ခြိမ်းခြောက်လာခဲ့သည်။[5] မြန်မာနိုင်ငံတစ်ဝှမ်း အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်းဆိုင်ရာသယံဇာတတူးဖော်ထုတ်လုပ်ရေးနှင့်

---

2 Jolliffe, Kim. 2016. Ceasefires, Governance and Development: The Karen National Union in Times of Change. San Francisco: The Asia Foundation. http://bit.ly/Jolliffe_2016

3 South, Ashley, Tim Schroeder, Kim Jolliffe, Mi Kun Chan Non, Sa Shine, Susanne Kempel, Axel Schroeder, and Naw Wah Shee Mu. 2018. “Between Ceasefires and Federalism: Exploring Interim Arrangements in the Myanmar Peace Process.” Yangon: Covenant Consulting. http://bit.ly/MIARP_report

4 Weng, Lawi. 2016. “State Govt Blocks KNU Land Policy Workshop.” The Irrawaddy, July 18, 2016. http://bit.ly/Weng_KNU

5 https://frontiermyanmar.net/en/why-a-land-law-change-is-sparking-fears-of-mass-evictions



အထက်မှအောက်သို့စီးဆင်းသော ဆုံးဖြတ်ချက်ချမှတ်သည့်ပုံစံ (top-down) ဖြင့် ဖော်ဆောင်သော ကာကွယ် ထိန်းသိမ်းရေးအကြီးစားစီမံကိန်းများအတွင်း ရင်းနှီးမြှုပ်နှံမှုများ တဟုန်ထိုး မြင့်တက်လာခြင်းကလည်း ရွာသူရွာသားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုင်ရာမလုံခြုံမှုကို ပိုမိုပြင်းထန်ဆိုးရွားစေခဲ့သည်။

ဗဟိုအစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အမှန်တကယ်အလေးအနက်ထားသည်ဆိုလျှင် *ကော်* ကဲ့သို့သော ထုံးတမ်းစဉ်လာမြေယာစီမံခန့်ခွဲမှုစနစ်များကို တန်ဖိုးထားလေးစားရမည်ဖြစ်သည်။ တပ်မတော်သည်လည်း ၎င်း၏အခြေစိုက်စခန်းများကို ကရင်မြေများပေါ်မှ ရုပ်သိမ်းဆုတ်ခွာပေးရမည်။ ဓလေ့ထုံးတမ်းများနှင့်အညီ တည်ရှိလာခဲ့သော လယ်ယာမြေနှင့်သဘာဝသယံဇာတစီမံခန့်ခွဲရေးစနစ်များသည် ဆက်လက်ဖြစ်တည်နေသော တပ်မတော်၏ ကျူးကျော်သိမ်းပိုက်မှုများကြောင့် ဆိုးရွားပြင်းထန်သော အကျိုးသက်ရောက်မှုများကို ရင်ဆိုင်ကြုံ တွေ့နေခဲ့ရပြီး ထိုဆိုးကျိုးသက်ရောက်မှုများကို မူဝါဒပါ  မည်သည့် 'အသိအမှတ်ပြုလက်ခံမှု' အဆင့်ကမှ လျော့ချ မပေးနိုင်ပါ။ ကြားကာလအတွင်း တပ်စခန်းများရုပ်သိမ်းခြင်းနှင့် KNU ၏ လယ်ယာမြေစီမံအုပ်ချုပ်မှုကို လေးစား အသိအမှတ်ပြုခြင်းကသာ နှစ် ၇၀ ကျော်ကြာမြင့်လာပြီဖြစ်သည့် အကြမ်းဖက်လက်နက်ကိုင်ပဋိပက္ခ၏ အရင်းခံပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ် သည်။

ယခုစာစောင်သည် *ကော်* နှင့်ပတ်သက်ပြီး Andrew Paul မှ ဒုတိယအကြိမ် ပြုစုရေးသားထားသော အခန်းဆက် စာစောင်ဖြစ်သည်။ ပထမအကြိမ် စာစောင်ကို ဤနေရာတွင် ရယူနိုင်ပါသည်။ Andrew Paul သည် With the Salween Peace Park, We Can Survive as a Nation': Karen Environmental Relations and the Politics of an Indigenous Conservation Initiative (York University, 2018) သုတေသနစာတမ်းကို ပြုစုနိုင်ရန် ရပ်ရွာလူမှု အသိုက်အဝန်းအခြေပြုသုတေသနများကို လုပ်ဆောင်ခဲ့ပြီး ယခုစာစောင်သည် ထိုသုတေသနမှ ရရှိသော စာစောင်ဖြစ်သည်။ Andrew Paul သည် ကရင်လူမှုအသိုင်းအဝန်းများနှင့် နီးကပ်စွာအလုပ်လုပ် နေသူတစ်ဦးဖြစ်ပြီး လက်ရှိတွင် ကနေဒါနိုင်ငံ၌ မြေယာနှင့် သဘာဝထိန်းသိမ်းရေးလုပ်ငန်းကဏ္ဍများတွင် ဌာနေတိုင်းရင်းသားများနှင့်လက်တွဲ အလုပ်လုပ်နေသူ တစ်ဦးဖြစ်သည်။ ဤသုတေသနအတွက် Social Sciences and Humanities Research Council of Canada က ငွေကြေးပံ့ပိုးခဲ့ပြီး ပုံနှိပ်ထုတ်ဝေရေးအတွက်မူ Namati organization က ပံ့ပိုးကူညီခဲ့သည်။

Social Sciences and Humanities Research Council of Canada | Conseil de recherches en sciences humaines du Canada | Canada

NAMATI INNOVATIONS IN LEGAL EMPOWERMENT